## Evaluation Workshop on Performance of Medical Social Workers

## အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်း

နေရာ - မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်

နေ့ရက် - (၂၅-၉-၂၀၁၉) မှ (၂၇-၉-၂၀၁၉) ရက်နေ့အထိ

**၁။ နိဒါန်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့နှင့် ပူးပေါင်း၍ Evaluation Workshop on Performance of Medical Social Workers အလုပ်ရုံဆွေးနွေးပွဲကို မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်တွင် (၂၅-၉-၂၀၁၉) ရက်နေ့မှ(၂၇-၉-၂၀၁၉) ရက် နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြား ရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆေးလူမှု ဆက်ဆံရေးဝန်ထမ်းများ စုစုပေါင်း (၈၀)ဦး တက်ရောက်ခဲ့ကြ ပါသည်။ အခမ်းအနားကို ( ၂၅ - ၉ - ၂၀၁၉ ) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ဒေါက်တာစိုးဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှာစကားတွင် ယခုအလုပ်ရုံဆွေးနွေးပွဲသည် (၂၀၁၇/ ၂၀၁၈/၂၀၁၉) ခုနှစ်အတွင်း ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆန်းစစ် ခြင်းဖြစ်ပြီး ပြည်သူလူထုအပါအဝင် စေတနာရှင်၊ အလှူရှင်များ တွေ့ကြုံနေရသော အခက်အခဲများ အား ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများမှ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးနေတာကိုတွေ့ရပါ ကြောင်း၊ Evaluation Workshop သည် နှစ်(၆၀)ကျော်အတွင်း ပထမဆုံးပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဆေးရုံတက်လာသောလူနာနှင့် လူနာရှင်များသည် ၄င်းတို့သာလျှင် အရေး ကြီးဆုံးဟု ထင်မှတ်ကြကြောင်း၊ ကုသမှုဘက်မှကြည့်မည်ဆိုလျှင် လူနာများ၏အခြေအနေကို ကြည့်၍ ဦးစားပေးအဆင့်သတ်မှတ်၍ ကုသပေးပါကြောင်း၊ ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းများ အနေဖြင့် လူနာများ၏ အဆိုပါပြဿနာများကို ဖြေရှင်းပေးနေပါကြောင်း၊ ကုသမှုလုပ်ငန်းကို ထောက်ပံ့ကူညီပေးနိုင်သူများမှာ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများသာဖြစ်ကြောင်း၊ ဆေးလူမှု ဆက်ဆံရေးဝန်ထမ်းများအနေဖြင့် မိမိ၏လုပ်ငန်းကို “ Sense of Ownership” စိတ်ထားနဲ့သွားမှ

အဆင်ပြေပါကြောင်း၊ ဆေးလူမှုလုပ်ငန်းအလွန်ကျယ်ပြန့်ကြောင်း၊ Bio, Psycho, Social ပေးဖို့ ဗဟုသုတကျယ်ပြန့်ဖို့လိုအပ်ကြောင်း၊ လူနာတစ်ယောက်ဆေးရုံ စတက်ပြီး၊ ပြန်ဆင်းပြီးပြန်လည် ထူထောင်နိုင်သည်အထိ ဆေးလူမှုဆက်ဆံရေးဌာနမှ ပါဝင်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် Reception Service လုပ်ငန်းနှင့် D/C Parade လုပ်ငန်းများ ဆောင်ရွက်စေခဲ့ကြောင်း၊ ဗဟုသုတ အခြေခံအရေးကြီးကြောင်း၊ Receptionist များနှင့်ပတ်သက်၍ နေပြည်တော်တွင် မေးခွန်းများ မေးမြန်းပြီး စစ်တမ်းကောက်ခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Patient Satisfaction ရရှိဖို့ ဆေးရုံအုပ်ချုပ်မှု၊ ဆရာဝန်၊ သူနာပြု၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ လေးပွင့်ဆိုင် ဆောင်ရွက်မှအဆင်ပြေမည် ဖြစ်ကြောင်း၊ Counseling လုပ်ငန်းသည် အလွန်ခက်ပါကြောင်း၊ အစကတည်းက အဆင်မပြေဖြစ်နေသူကို အဆင်ပြေအောင်လုပ်ရန် အလွန်ခက်ကြောင်း၊ ကျေးဇူးမတင်ရင်တောင် အပြစ်မမြင်လျှင် အောင်မြင် သည်ဟုဆိုရမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် နေပြည်တော်သို့ရောက်ရှိချိန်တွင် မိမိတို့၏ Personal အခက်အခဲ ရှိပါက ညွှန်ကြားရေးမှူး(ကုသထောက်ကူ)နှင့် ဒုတိယညွှန်ကြားရေး မှူးမှတဆင့် တင်ပြနိုင်ပါ ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် မွန်မြတ်သည့်မိမိတို့ Professional ကိုချစ်မြတ်နိုးသောစိတ် ဖြင့်တက်ကြွစွာ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

## ၂။ ရည်ရွယ်ချက်

တိုင်းဒေသကြီး/ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းတို့၏ (၃)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆေးလူမှုဆက်ဆံရေး လုပ်ငန်းများအား ဆန်းစစ်ရန်၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ၏ အရည်အသွေး၊ အရည်အချင်းနှင့်ကျွမ်းကျင်မှု တိုး တက်မြင့်မားလာစေရန်၊ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများတွင် ပြည်သူလူထုအပါအဝင် အစိုးရ ဌာန၊အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs)များ၊ စေတနာရှင်၊ အလှူရှင်နှင့်နီးနွယ်ဆက်စပ်သော ဌာနများ၏ပူးပေါင်းဆောင်ရွက်မှုကိုမြင့်တင်သွားရန်၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများအချင်းချင်း တွေ့ဆုံ၍ အကြံဉာဏ်များ၊ အတွေ့အကြုံများဖလှယ်၍ တွေ့ကြုံရသည့် အခက်အခဲများဖြေရှင်းနိုင် မည့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်တက်လာစေရန် လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီတိုးတက်

ပြောင်းလဲလာစေရန်၊ စနစ်တကျပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အခြားသောဝန်ကြီး ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လျှင်မြန်လွယ်ကူအဆင်ပြေစေရန်၊ ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းအချင်းချင်းတွေ့ဆုံ၍ ကောင်းမွန်သည့် နည်းလမ်းများဖော်ထုတ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**ထောက်ခံအကြံပြုချက်များ**

(၁) စွန့်ပစ်ကလေးများအား လူမှုဝန်ထမ်းဦးစီးဌာနသို့ လျင်မြန်ချောမွေ့စွာ အပ်နှံနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် (တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးဌာနမှူးများသို့ လုပ်ပိုင်ခွင့်များပေးလိုက်လျှင် တစ်ပါတည်းပါသွားမည် ဖြစ်ပါကြောင်း) အဆင်မပြေပါက (ကုသရေးဦးစီးဌာန)သို့ အစီရင်ခံတင်ပြရန်။

(၂) (၀၅၀၃)ရန်ပုံငွေနှင့်ပတ်သက်၍ သုံးစွဲခွင့်မရရှိသော ဆေးရုံများတွင် ဆေးရုံအုပ်ကြီး/ ဆေးရုံကြီးများ၏ အစည်းအဝေးများတွင် တင်ပြတောင်းဆိုရန် မရရှိပါက ရုံးချုပ်သို့ အစီရင်ခံတင်ပြရန်နှင့် (၀၅၀၃)ရန်ပုံငွေများအား ဆေးလူမှုဆက်ဆံရေးမှူးများ၏ လက်ဝယ်ကိုင်ဆောင်ခွင့်မရှိကြောင်း ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)ထံမှ သိရှိခဲ့ရပါသည်။

(၃) ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ လူနာနေအိမ်များသို့ (Home Visit) သွားရန်အတွက် ကုန်ကျစရိတ်များအား (၀၃၀၄)သယ်ယူပို့ဆောင်ရေးရန်ပုံငွေမှ ထုတ်ယူသုံးစွဲနိုင်ရန်၊ ရန်ပုံငွေမလုံလောက်ပါက ထပ်မံချထားပေးမည်ဖြစ်ပါကြောင်းနှင့် (Home Visit) သွားရန်အတွက် မော်တော်ဆိုင်ကယ်စီးခွင့်ရသောဒေသများတွင် မော်တော်ဆိုင်ကယ်များကို နောက်နှစ်ဘတ်ဂျတ်များတွင် ခွဲဝေချထားပေးမည်ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)မှ ဖြေကြားခဲ့ပါသည်။

(၄) ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဆိုင်ရာ SOP Guide Line အတွက် (Consultant)(၂)ဦးဖြင့် ဆောင်ရွက်နေပါကြောင်း၊ Work Plan ကို (၃)လ အတွင်း အပြီးရေးဆွဲပြီး အရည်အသွေးကောင်းသော စာအုပ်များဖြင့်ဖြန့်ဝေပေးရန် စီစဉ်ထားပါကြောင်း ညွှန်ကြားရေးမှူး(ကုသထောက်ကူ)မှ ဖြေကြားခဲ့ ပါသည်။

(၅) ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ လုပ်ငန်းနှင့် ဆက်နွယ်သည့် Training , Study Tour, Post Graduate , သင်တန်းများရရှိရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ညှိနှိုင်း

ခွင့်ပြု ပေးမည်ဖြစ်ပါကြောင်းနှင့် ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူး(ကုသထောက်ကူ)မှ ဖြေကြားခဲ့ပါသည်။

(၆) ဆေးရုံကြီးများတွင် အစည်းအဝေး/ ဆွေးနွေးပွဲများ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ တက်ရောက်နိုင်ရေးအတွက် အခြားဝန်ထမ်းများနှင့်အတူ ပါဝင်ခွင့်ရရှိအောင်နှုတ် (သို့မဟုတ်) စာဖြင့်ညွှန်ကြားပေးမည် ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူး(ကုသထောက်ကူ)မှ ဖြေကြားခဲ့ပါသည်။

(၇) ပြည်သူ့ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေသော ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများအား ဝန်ထမ်းအိမ်ရာများချထားပေးရာတွင် အခြားရာထူးနှယ်တူဝန်ထမ်းများနှင့် တန်းတူဖြစ်စေရန်

(၈) ခုတင်(၅၀၀)နှင့်အထက် ပြည်သူ့ဆေးရုံကြီးများတွင် လက်ထောက်ညွှန်ကြားရေးမှူး (ဆေးလူမှု) ခန့်ထားပေးရန်

(၉) ခုတင်(၁၀၀)ပြည်သူ့ဆေးရုံများနှင့် ဆေးလူမှုဆက်ဆံရေးအရာရှိ ဖွဲ့စည်းပုံတွင် မပါသော ဆေးရုံများ ဖြစ်ကြသော ရန်ကုန်မြို့တွင် (စိတ်ကျန်းမာရေးဆေးရုံကြီး/ အောင်ဆန်းတီဘီရောဂါ အထူးကုဆေးရုံကြီး/ မျက်စိရောဂါအထူးကုဆေးရုံကြီး/ နား၊နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး) ၊ မန္တလေးမြို့တွင် ခုတင်(၃၀၀) ကလေးဆေးရုံကြီး/ အနာကြီးရောဂါအထူးကုဆေးရုံကြီး/ တီဘီရောဂါအထူးကုဆေးရုံကြီး/ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် ရောဂါအထူးကုဆေးရုံကြီး) တို့တွင် ဆေးလူမှု ဆက်ဆံရေးအရာရှိ(၁)ဦးစီ ခန့်ထားပေးရန်

(၁၀) ရန်ကုန်မြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် အောင်ဆန်းတီဘီရောဂါအထူကုဆေးရုံကြီး တို့တွင် ဆေးလူမှုဆက်ဆံရေးမှူးဝန်ထမ်းဖွဲ့စည်းပုံတွင်မပါရှိခြင်းနှင့် ခုတင်(၁၅၀)ဆံ့ ပြည်သူ့ ဆေးရုံများဖြစ်သည့်ရန်ကုန်မြို့တွင် တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း)တွင် ပြည်သူ့ဆေးရုံ၊ (ကျောက်မဲ/နမ္မတူ)မြို့ ဆေးလူမှုဆက်ဆံရေးမှူး ဝန်ထမ်းဖွဲ့စည်းပုံတွင်ထည့်ပေးပါရန်နှင့် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံများတွင် ဆေးလူမှုဆက်ဆံရေးမှူးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်

(၁၁) DC Parade လုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လူနာဆောင် တာဝန်ခံများမှ ပူးပေါင်းပါဝင်နိုင်ရန်၊ Feedback များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် DC Parade ဆောင်ရွက်ရမည့်အဖွဲ့အား တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရန်အတွက် သတ်မှတ်ပေးရန်

(၁၂) Receptionist ဝန်ထမ်းများအတွက် Guideline ပါ တာဝန်ဝတ္တရားများ အတိုင်း တစ်ပြေးညီ ဆောင်ရွက်ခွင့်ရရန်၊ တူညီဝတ်စုံများ ပုံမှန်ထောက်ပံ့ရန်၊ လုံခြုံစိတ်ချရသောနားနေခန်း သတ်မှတ်ပေးရန်

(၁၃) Evaluation Workshop တွင် Medical Social Worker အားလုံး ပါဝင်နိုင်ရန် ဖိတ်ကြားသင့်ပါသည်။

(၁၄) Evaluation Workshop ကို တစ်နှစ်တစ်ခါ အနည်းဆုံး ပြုလုပ်သင့်ပါသည်။

ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်